# နောက်ဆက်တွဲ (၃)

**စွန့်စားရခြင်း (Risk) နှင့် အန္တရာယ်များအကြောင်းကို စာမတတ်သော ရပ်ရွာလူထုနှင့် ဆွေးနွေးခြင်း**

စာမတတ်သော ရပ်ရွာလူထုအတော်များများသည်သူတို့ရဲ့အခွင့်အရေးတွေကို အန္တရာယ်တွေ ရန်မူမှုတွေကို စိမ်ခေါ်ရင်း ကာကွယ်နေတတ်ကြပါတယ်။ ဒီလိုရပ်ရွာမျိုးမှာ စွန့်စားရမှုကိုတိုင်းတာတဲ့ဖော်မြူလာမျိုးဟာ သိပ်အဆင်မပြေတတ်ကြပါဘူး။ ဘာလို့လဲဆိုတော့ သူတို့မသိတဲ့ သင်္ချာတွက်နည်းတွေ ပါလို့ ဖြစ်ပါတယ်။

ဒီလို စွန့်စားရမှုကိုတိုင်းတာတဲ့ဖော်မြူလာနည်းလမ်းကို အီကွေဒိုနိုင်ငံက လူ့အခွင့်အရေးကာကွယ်မြင့်တင်သူတဦးဖြစ်တဲ့ Lina Selano က နည်းသစ်တခုနဲ့ ထွင်ထားပါတယ်။

(၁) အလယ်မှာ မြစ်တစင်းစီးနေတဲ့ တောင်နှစ်လုံးပုံရေးဆွဲပါ။ မြစ်တဖက်မှာ ကျေးရွာတရွာပုံဆွဲပါ။ တခြားတောင်ပေါ်မှာ ကျောက်တုံးအကြီးကြီး ပုံဆွဲပါ။

(၂) နောက်ပုံမှာတော့ တောင်ပေါ်က ကျောက်တုံးကြီးကို တွန်းချဖို့လုပ်နေတဲ့ လူပုံတပုံထပ်ဖြည့်ဆွဲပါ။

(၃) နောက်ဆုံးမှာတော့ တွန်းနေတဲ့လူရဲ လက်ထဲမှာ ကျောက်တုံးကြီးကို တောင်အောက်ရောက်အောင် ကော်ချမဲ့ တုတ်တချောင်းရေးဆွဲပါ။


**ရပ်ရွာလူထုကို အောက်ပါမေးခွန်းများမေးပါ။**

- ရွာနဲ့ ရပ်ရွာလူထုအပေါ် ဘာစွန့်စားရမဲ့အရာတွေရှိသလဲ၊ (ရွာပျက်စီးသွားမယ်။ ရွာသားတွေ ဒဏ်ရာရ။ သေကြေနိုင်မယ်လို့ ဖြေကောင်းဖြေပါလိမ့်မယ်)
- ပုံစံသုံးမျိုးမှာ တွေ့နိုင်တဲ့အန္တရာယ်တွေအဆင့်တွေ ဘယ်လောက်ရှိလဲ မေးမြန်းပါ။ (ရွာသားများက ပထမအဆင့်မှာ ငလျင်လှုပ်တဲ့အခြေအနေမျိုးမှသာ စိုးရိမ်ရခြင်းရှိကြောင်း၊ ဒုတိယအဆင့်မှာ ဒီလူတယောက်ထဲ ကျောက်တုံးကြီးကို တွန်းနိုင်မှာ မဟုတ်တဲ့အတွက် စိုးရိမ်စရာသိပ်မရှိကြောင်း၊ တတိယအဆင့်မှာတော့ ဒီလူရဲ့ စွမ်းရည်ပိုတက်လာတဲ့အတွက် စိုးရိမ်စရာအများဆုံးဖြစ်ကြောင်း ဖြေလာနိုင်ပါတယ်)
- ရွာသားများကို ဖိတ်ခေါ်ပြီးဖြစ်နိုင်တဲ့ ဖြေရှင်းချက်ပုံစံတွေကို ပုံဆွဲရှင်းပြခိုင်းပါ။ ဖြေရှင်းချက်တခုစီမှာရှိတဲ့ စွန့်စားရမှုတွေ လုပ်ဆောင်နိုင်တဲ့ စွမ်းအားတွေကို ပြောပြခိုင်းပါ။ သူတို့ပြောကြားချက်တွေက အောက်ပါအတိုင်းဖြစ်နိုင်ပါတယ်။


**ကျောက်တုံးကို လုံခြုံရာ ပြောင်းရွှေ့ပါ။**

- ရပ်ရွာကို အချက်ပေးနိုင်တဲ့ နည်းလမ်းရှာပါ။ ကြည့်တူရွှေးတွေကို ထူးခြားချက်ဖြစ်ရင် အော်ပြီးအသံပေးအသိပေးတတ်လာအောင် လေ့ကျင့်သင်ကြားပေးပါ။
- တကယ်လို့ ကျောက်တုံးပြုတ်ကျလာရင် သူ့အရှိန်ကို လျော့သွားအောင် ထိမ်းပေးနိုင်အောင် သစ်ပင်တွေ စိုက်ထားပါ။
- မြစ်ထဲက လှေတွေနဲ့ ထွက်ပြေးနိုင်အောင်စီစဉ်ထားပါ။


1.



2.



3.



- တခြားတနေရာကို ယာယီပြောင်းရွှေ့ပါ။
- တောင်ပေါ်တက်ပြီး ဒီလူကိုတားပါ။ ကော်နေတဲ့တုတ်ကို ဖယ်ရှားပါ။
- လူ့အခွင့်အရေးလုပ်နေတဲ့တခြားရွာတွေ အဖွဲ့တွေဆီ အကူအညီတောင်းပါ။

ပြောလာတဲ့အချက်တွေကို အနှစ်ချုပ်ပြီး အမြင်အမျိုးမျိုးရှိနိုင်ကြောင်း ပြောပြပါ။ အမြင်တိုင်းဟာ အခြေအနေတိုင်းမှာ ထိရောက်မှုရှိနိုင်ကြောင်းပြောပါ။ စိမ်ခေါ်ချက်ကတော့ ဖြစ်နိုင်တဲ့အချက်တွေအားလုံးကို စဉ်းစားပြီး ဘယ်ဟာကအထိရောက်ဆုံးလဲဆိုတာကို ဆန်းစစ်တတ်ဖို့ဖြစ်ပါတယ်။

ဒီအကြောင်းအရာကို ဆွေးနွေးပြီးရင် ရပ်ရွာထဲမှာကြုံတွေ့နေရတဲ့အကြောင်းအရာဖက်ကို ပြောင်းပြီး ဆွေးနွေးပါ။

# နောက်ဆက်တွဲ (၄)

**စစ်ဆေးရမည့်အရာများ - လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများက ထုတ်ဖော်တင်ပြသည့် စွမ်းရည်များ**

အခုဖော်ပြထားတဲ့စာရင်းဟာ လုံခြုံရေးအတွက် မဖြစ်မနေလုပ်ဆောင်ဖို့ ရည်ရွယ်ထားတာမဟုတ်ပါဘူး။ ကိုယ့်ကြုံတွေ့နေရတဲ့ အခြေအနေအပေါ် ဆုံးဖြတ်လုပ်ကိုင်ဖို့ အဓိကဖြစ်ပါတယ်။ ကိုယ်တွေ့ရတဲ့ စိုးရိမ်ပူပန်ချက်တွေ၊ အန္တရာယ်တွေ၊ ဖြစ်ပွားနိုင်တဲ့ အားနည်းချက်တွေကို စဉ်းစားပြီး အခုစာရင်းထက်ပိုကောင်းအောင် လုပ်နိုင်ပါတယ်။

**ဗဟုသုတများ**

- ကိုယ့်ကြုံနေရတဲ့ စိုးရိမ်ပူပန်ရမှုတွေ အန္တရာယ်တွေအကြောင်း၊
- ကိုယ့်ရဲ့ တရားဥပဒေဆိုင်ရာအခွင့်အရေး၊ ကိုယ့်တိုင်းပြည်ရဲ့ တရားဥပဒေ၊ နိုင်ငံတော်နဲ့ နိုင်ငံတကာရဲ့ ကုစားပေးနိုင်မှုတွေအကြောင်း၊
- စိတ်ဖိစီးမှုကို ဘယ်လိုရင်ဆိုင်မလဲဆိုတဲ့အကြောင်း၊

**အဆက်အသွယ်များ**

- ကိုယ့်ကိုအားပေးထောက်ခံတဲ့ ဒေသဆိုင်ရာရပ်ရွာလူထု၊
- လူစုလူဝေးကို မြန်မြန်ဆန်ဆန် ပြောင်းရွှေ့နိုင်မဲ့ စွမ်းရည်များ၊
- လူ့အခွင့်အရေးအဖွဲ့၊ မီဒီယာနဲ့ ဩဇာရှိသောသူများ အပါအဝင် ဒေသခံအဆက်အသွယ်များ၊
- အစိုးရ၊ ရဲနဲ့ အခြားတာဝန်ရှိသူများရဲ့ အဆက်အသွယ်များ၊
- ဥရောပသမဂ္ဂနှင့် နော်ဝေးသံရုံးအပါအဝင် လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများကို ကာကွယ်ပေးတဲ့လမ်းညွှန်ချက်